ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဥ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၇.၉၅)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ ၁၅-၁-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကွင်းဆင်းလေ့လာရေးဆောင်ရွက်ရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ နာဂနှစ်သစ်ကူးပွဲတော်တက်ရောက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကယားပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အစ်မဖြစ်သူ၏နာရေး။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဆေးရုံတက်ရောက် ကုသနေပါသည်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ မွန်ပြည်နယ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ရန်။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်နော်ဆာမူထူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ မျက်စိကုသမှု ခံယူနေပါသည်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ (၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒနယ်အသီးသီးရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ကိုလည်း သိရှိလာခဲ့ကြပြီဖြစ်လို့ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးနဲ့ နိုင်ငံတော်နှင့် ပြည်သူများအကျိုး အတွက် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်း တို့ကို ကော်မတီအသီးသီးရဲ့ လုပ်ငန်းဆောင်တာများနဲ့ ဆက်စပ် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာလည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ကြောင်းကိုလည်း သတိချပ်စေလိုပါတယ်။

ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်းနဲ့ နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူများရဲ့အကျိုးကို သယ်ပိုးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဝဲကြီးဒေါင့်ကျေးရွာနှင့် ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် (၂၀၀ x ၃၀ x ၂၅) ပေ နှစ်ထပ် RC ကျောင်းဆောင်သစ် တစ်ဆောင်စီကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဝဲကြီးဒေါင့်ကျေးရွာနှင့် ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင်(၂၀၀ x ၃၀ x ၂၅)ပေ နှစ်ထပ် RC ကျောင်းဆောင်သစ် တစ်ဆောင်စီကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော်တို့ ဒုတိယအကြိမ်၊ သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ အားလုံးကို ကျန်းမာစွာနဲ့ စုံစုံညီညီ ပြန်လည်ပုံမှန်ဆုံတွေ့ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အားလုံးကို သာလီစွပါလို့လည်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် လူဦးရေအားဖြင့် (၂၁၆၉၇၀)ဦးရှိပါတယ်။ ကျေးရွာပေါင်း(၂၈၃)ရွာရှိတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ပညာရေးနဲ့ ပတ်သက်ပြီး အထက်တန်းကျောင်း(၈)ကျောင်း၊ အထက်တန်း ကျောင်း(ခွဲ)(၈)ကျောင်း၊ အလယ်တန်းကျောင်း(၁၄)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)(၁၄)ကျောင်း၊ မူလတန်းလွန်ကျောင်း(၅၇)ကျောင်း၊ မူလတန်းကျောင်း(၁၁၉)ကျောင်းနှင့် မူလတန်း(ခွဲ)ကျောင်း (၃၈)ကျောင်းရှိပြီး စုစုပေါင်း(၂၅၈)ကျောင်းရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ ဝဲကြီးဒေါင့်ကျေးရွာ အထက်တန်း ကျောင်းမှာ အထက်တန်းအဆင့်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ခွင့်ရရှိခဲ့ပြီး အထက်တန်းကျောင်းသား (၂၀၄)ဦး၊ အလယ်တန်းအဆင့်(၆၆၂)ဦး၊ မူလတန်းကျောင်းသား (၁၈၅)ဦး၊ စုစုပေါင်း(၁၀၅၁)ဦးရှိတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။

အဆိုပါကျောင်းတွင် လက်ရှိအဆောက်အအုံအနေဖြင့် (၁၈၀x၃၀)ပေ တစ်ထပ်ကျောင်းဆောင် (၁)ဆောင်ပဲ ရှိပါတယ်။ စာသင်ခန်း(၈)ခန်းပဲရှိပြီး နှစ်သုတ်တက်သော်လည်း ကျောင်းသားနဲ့ ကျောင်းဆောင်မှာ လုံလောက်မှု မရှိပါ။ ဝဲကြီးဒေါင့်ကျေးရွာ အထက်တန်းကျောင်းဟာ ပြည်ချောင်း နယ်မြေဒေသတစ်ခုလုံးမှာ အဓိကကျတဲ့ ကျေးရွာပေါင်း(၃၀)ကို ကိုယ်စားပြုနေတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ အနီးအနားတစ်ဝိုက် ကျေးရွာများမှ ကျောင်းသူ၊ ကျောင်းသားများ အထက်တန်းအဆင့်ကို လာရောက်သင်ကြားနေကြရတဲ့ အဓိကကျောင်းကြီးတစ်ကျောင်းလည်း ဖြစ်ပါတယ်။ မြို့ပေါ်နဲ့လည်း (၁၀)မိုင်လောက်ဝေးကွာပြီး ကုန်းလမ်းကြောင်းမရှိဘဲ ရေလမ်းကြောင်းတစ်ခုကိုပဲ အားကိုးရတဲ့ အရပ် ဒေသဖြစ်ပါတယ်။ အဲဒါကြောင့် မဖြစ်မနေ ဦးစားပေး ဆောက်လုပ်ရမယ့် ကျောင်းတစ်ကျောင်း ဖြစ်နေ ပါတယ်။

ရွှေပြည်ကျေးရွာ အထက်တန်းကျောင်းမှာလည်း အထက်တန်းအဆင့်(၂၉၉)ဦး၊ အလယ်တန်း အဆင့်(၆၀၂)ဦး၊ မူလတန်းအဆင့်(၃၇၃)ဦး၊ စုစုပေါင်း(၁၂၇၄)ဦးရှိတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ရွှေပြည်ကျေးရွာ အထက်တန်းကျောင်းတွင်လည်း လက်ရှိ အဆောက်အအုံအနေဖြင့် (၁၈၀ x ၃၀) ပေ တစ်ထပ်ဆောင်(၁)ဆောင်နှင့် နှစ်ထပ်ဆောင်(၁)ဆောင် ရှိပါတယ်။ (၄၀x၃၀)ပေ ယာယီ သွပ်ပြားတွေ ကာရံထားတဲ့ အဆောက်အအုံ(၁)ခု ရှိပါတယ်။ စုစုပေါင်း(၃)ဆောင်ရှိပြီး (၁၈၀x၃၀)ပေ နှစ်ထပ်ဆောင် မှာလည်း ဟောင်းနွမ်းပြီး ဥပဓိရုပ်မကောင်းတဲ့ ကျောင်းဆောင်ဖြစ်နေပါပြီ။ လက်ရှိအခြေအနေမှာ ကျောင်းသားနဲ့ ကျောင်းဆောင် လုံလောက်မှု မရှိတော့ပါ။ မြို့ပေါ်နဲ့လည်း (၈)မိုင်လောက်ကွာဝေးပြီး (၁၀)တန်း စာစစ်ဌာနကို ရရှိထားတဲ့ ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။ ဒီကျောင်းဟာလည်း မဖြစ်မနေ ဆောက်လုပ်ရမယ့် ကျောင်းဖြစ်နေပါတယ်။

အဆိုပါ ဝဲကြီးဒေါင့်ကျေးရွာ အထက်တန်းကျောင်းနှင့် ရွှေပြည်ကျေးရွာ အထက်တန်းကျောင်း သစ်များကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်ရေးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

ကျောက်တော်မြို့နယ်၊ ဝဲကြီးဒေါင့်ကျေးရွာ အထက်တန်းကျောင်းနှင့် ရွှေပြည်ကျေးရွာ အထက်တန်းကျောင်းတို့တွင် (၂၀၀ x ၃၀ x၂၅)ပေ နှစ်ထပ် RC ကျောင်းဆောင်သစ် (၁)ဆောင်စီကို

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် (၁၄၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး က မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် (၁၄၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး ဖြစ်ပါတယ်။ အခုလို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို စုံစုံညီညီတွေ့ရတဲ့အတွက် အထူးပဲဝမ်းသာမိ ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းဆောင် တစ်ဆောင် (၁၄၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

အခြေခံ အကြောင်းပြချက်များအနေနဲ့ ၂၀၁၆-၂၀၂၁ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းအရ KG + 12 ကို ပြည်သူတင်မြှောက်လိုက်တဲ့ အစိုးရများနဲ့ လွှတ်တော်အသီးသီးက ပြည်သူများနဲ့အတူ အနာဂတ်မျိုးဆက်သစ်များအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းအဆင့် ကျောင်းသား ဦးရေ(၃၃၁)ဦး၊ အလယ်တန်းအဆင့် ကျောင်းသားဦးရေ(၃၆၇)ဦး၊ မူလတန်းအဆင့် ကျောင်းသားဦးရေ (၂၅၆)ဦး၊ စုစုပေါင်း(၉၅၄)ဦး ရှိပါတယ်။ KG တန်းမှ ဒသမတန်းအထိ ကျောင်းသားဦးရေနှင့် တန်းခွဲများကို ကျွန်တော့်ရဲ့မေးခွန်းတွင် ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဆရာ၊ ဆရာမဦးရေ (၂၇)ဦးရှိ ပါတယ်။ အထက်တန်းအဆင့် (၁၀)ဦး၊ အလယ်တန်းအဆင့်(၁၁)ဦးနဲ့ မူလတန်းအဆင့်(၆)ဦး ရှိပါတယ်။ အဆိုပါကျောင်းဟာ တစ်သုတ်တက်ကျောင်း ဖြစ်ပါတယ်။ ရုံးခန်း(၁)ခုရှိပါတယ်။ မိုးယုဇနဆောင်လို့ ခေါ်ပါတယ်။ ပေ(၃၀)ပတ်လည် တစ်ထပ်ဆောင်ဖြစ်ပါတယ်။ မြတ်သရဖီစာသင်ဆောင် (၁၂၀x၃၀)ပေ တစ်ထပ်ဆောင်(၂)ခန်းတွဲ ဖြစ်ပါတယ်။ မြသဇင်စာသင်ဆောင် (၁၄၀x၃၀)ပေ နှစ်ထပ်ဆောင် စာသင်ခန်း(၈)ခန်းရှိပါတယ်။ မြခွာညိုစာသင်ဆောင် (၇၂x၂၇)ပေ တစ်ထပ်ဆောင် စာသင်ခန်း(၂)ခန်း

ရှိပါတယ်။ ရှေ့ကုံ့ကော်စာသင်ဆောင် (၁၅၀x၃၀)ပေ၊ တစ်ထပ်ဆောင် စာသင်ခန်း(၅)ခန်း ရှိပါတယ်။ ယာယီစာသင်ဆောင် (၆၀x၃၀)ပေ တစ်ထပ်ဆောင် စာသင်ခန်း(၂)ခန်း ရှိပါတယ်။

မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် လက်ရှိစာသင်ခန်းများ လိုအပ်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ခုနှစ် ပညာသင်နှစ်တွင် တိုးတက်များပြားလာမည့်ကျောင်းသားများအတွက် ရည်ရွယ်ပြီး စာကြည့်တိုက်၊ သိပ္ပံခန်း၊ မီဒီယာခန်းများ လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ (၁၄၀ x ၃၀)ပေ RC နှစ်ထပ်စာသင်ဆောင် (၁)ဆောင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်တွင် ကျေးလက်ဒေသ ပညာသင်ကြားရေး အခန်းကဏ္ဍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်တွင် ကျေးလက်ဒေသ ပညာသင်ကြားရေး အခန်းကဏ္ဍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ရှမ်းပြည်နယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ဟိုပန်ခရိုင်ရှိ ကျေးလက်ဒေသ ပညာသင်ကျောင်းများ အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် စပ်လျဉ်းသော မေးခွန်းများကို မေးမြန်းတောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်ရှိ ကျေးလက်ဒေသများတွင် ဆက်သွယ်သွားလာရေး ခက်ခဲသဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖွင့်လှစ်သင်ကြားရသော စာသင်ကျောင်းများ၊ အ.မ.က(ခွဲ)များ ရှိနေပါတယ်။ ပင်မကျောင်း တစ်ဆင့်မြင့်သော ကျောင်းများနှင့် အနည်းဆုံး (၁)မိုင်နှင့် (၂)မိုင် ဝန်းကျင်ခန့် အတွင်း ကွာဝေးသဖြင့် ကျွန်တော်တို့ ဖွင့်လှစ်သင်ကြားခဲ့ရပါတယ်။ ဖွင့်လှစ်မှု သက်တမ်းမှာ ဆိုလို့ရှိရင် (၄)နှစ် ပြည့်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းစာသင်ကျောင်းများကို သီးခြားရပ်တည်နိုင်သော အဆင့်အထိ တိုးမြှင့်ပေးနိုင်ပါမှ ကျောင်းဆရာ၊ ဆရာမ ငှားရမ်းသင်ကြားနေရသော ဒုက္ခများ၊ အဆင့်မမီသော စာသင်ကျောင်းများဖြင့် သင်ကြားနေရသော ဘဝတို့မှ လွတ်မြောက်နိုင်မည် ဖြစ်ပါတယ်။ ကျေးရွာအဆင့် မူလတန်းကျောင်းနှင့် ကိုက်ညီသော လူဦးရေ၊ အိမ်ခြေနှင့် ကျောင်းသားအင်အားများလည်း ရှိကြပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းအဆင့် တိုးမြှင့်သတ်မှတ်ပေးနိုင်ရန်နှင့် သင့်တော်မည့် ကျောင်းဆောင်သစ်များ ခွင့်ပြုသတ်မှတ်ပေးရန် တင်ပြအပ်ပါတယ်။ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်တောင်းခံအပ်ပါတယ်။ ဟိုပန်ခရိုင်၊ ပန်ကောက်ကျေးရွာအုပ်စု၊ မုန်းဟွမ်(၀)ကျေးရွာ အ.မ.က(ခွဲ) အဆင့်မြှင့်တင်ပေးခြင်းနှင့် ကျောင်းဆောင်သစ်ချမှတ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ဒါကတော့ မုန်းကွန်ကျေးရွာအုပ်စု၊ မုန်းကွန် (ရှမ်း) အ.မ.ကကျောင်းအဆင့် မြှင့်တင်ပေးခြင်း ဆောင်ရွက်ချမှတ်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ဟိုပန်ခရိုင်ရှိ အ.မ.က မော်ဟွေ့ကျေးရွာအုပ်စု၊ ဟင်းနားကျေးရွာ ကိုယ်ထူကိုယ်ထ မူလွန်မှ အ.မ.ကအဆင့် ကျောင်းဆောင်သစ်နှင့် ဆောက်လုပ်ခွင့်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

အ.မ.က(ခွဲ) မုန်းဟွမ် (၀) မြင်ကွင်းပုံ(က)



အ.မ.က(ခွဲ) မုန်းကွန် (ရှမ်း) မြင်ကွင်းပုံ(က-၁)



ကိုယ်ထူကိုယ်ထ စာသင်ကျောင်း အ.မ.က ဟင်းနားကျေးရွာ မြင်ကွင်းပုံ(က-၂)



**ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)များတွင် (၄၀၀ x ၂၅၀) ပေ ကျောင်းအားကစားကွင်း/ ဘောလုံးကွင်းများ လာမည့် ဘဏ္ဍာရေးနှစ်များတွင် တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)များတွင် (၄၀၀ x ၂၅၀) ပေ ကျောင်းအားကစားကွင်း၊ ဘောလုံးကွင်းများ လာမည့် ဘဏ္ဍာရေးနှစ်များတွင် တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီ မြို့နယ်ရှိ အ.ထ.ကကျောင်းများနှင့် အ.ထ.ကကျောင်း(ခွဲ)များတွင် (၄၀၀ x ၂၅၀)ပေ ကျောင်း အားကစားကွင်းများကို လာမယ့်ဘဏ္ဍာရေးနှစ်တွင် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်တွင် အခြေခံပညာအထက် တန်းကျောင်း(၇)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၆)ကျောင်းရှိပြီး စုစုပေါင်း(၁၃)ကျောင်း ရှိပါတယ်။ ၎င်းအထဲတွင် ကျောင်းသား၊ ကျောင်းသူများ ကစားရန် လုံလောက်သော အကျယ်အဝန်းရှိ သည့် အားကစားကွင်းမရှိသောကျောင်း (၁၀)ကျောင်းရှိပါတယ်။ ၎င်း အ.ထ.ကကျောင်းလက်အောက်ရှိ

မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများမှ ဆောင်းရာသီ ဇုန်နယ်အလိုက် အားကစားပြိုင်ပွဲများနှင့် ကျောင်းသားစုံညီပွဲတော်များကျင်းပရာတွင် အားကစားကွင်း မရှိသည့်အတွက် အခက်အခဲများစွာ ရှိခဲ့ပါတယ်။ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကျောင်းခွဲများရှိသော ရွာများဟာ ဆိုလို့ရှိရင် ကျေးလက်ကျန်းမာရေးဌာနလည်းရှိတယ်။ နောက် ဌာနခွဲများလည်း ရှိပါသဖြင့် ၎င်းတို့ဟာ ရွာကြီးများဟူ၍ သတ်မှတ်လို့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့နယ်သည် တောင်ကုန်း၊ တောင်တန်း အလွန်ထူထပ်သောကြောင့် ဘောလုံးကွင်း(၁)ကွင်းစာအတွက် သဘာဝအရ ပေ(၁၀၀)ပတ်လည်ရှိသော မြေပြန့် အင်မတန်မှ ရှားပါးပါတယ်။ အားကစားကွင်းအတွက် သီးသန့်တူးဖော်ပေးမှသာ အဆင်ပြေမယ်ဖြစ်ပါတယ်။ ယခုဖော်ပြသော ပေ(၄၀၀ x ၂၅၀) အားကစားကွင်း ခန့်မှန်းကုန်ကျငွေဟာဆိုလို့ရှိရင် ကျပ်(၂၅)သန်းကျော်ကျော်လောက် ကုန်ကျနိုင်မှာဖြစ်ပါတယ်။ အများအားဖြင့် ကျောင်းဝင်းထဲတွင် အားကစားကွင်းများ တူးဖော်ဆောင်ရွက်ပေးရန် ဖြစ်သော်လည်း တချို့ကျောင်းများတွင် မြေပြင်အခြေအနေအရ ကျောင်းနှင့် တစ်ဆက်တစ်စပ်တည်း မြေမရှိခဲ့၍ ဘောလုံးကွင်းများအတွက် လျာထားသော သီးသန့်ရွာမြေများလည်း အဆင်သင့်ရှိပါတယ်။ ဒီမြေကွင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီးမှ ဖြေကြားပေးပါရန်နှင့် အားကစားကွင်းများ ဖော်ထုတ်ပေးရန် လိုအပ်လျက်ရှိသော ကျောင်းများကို ကျွန်တော် မေးခွန်းတင်တဲ့အချိန်မှာ တစ်ပါတည်း ပူးတွဲတင်ပြထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် မတူပီမြို့နယ်ရှိ အ.ထ.ကကျောင်း(ခွဲ)များနှင့် အ.ထ.ကကျောင်းများတွင် ပေ(၄၀၀ x ၂၅၀) အားကစားကွင်းများကို လာမယ့်ဘဏ္ဍာရေးနှစ်တွင် တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။　　။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းသော မေးခွန်းများအား ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point အသုံးပြုခွင့် ပြုဖို့လို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ ပထမဦးစွာ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မေးမြန်းတဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဝဲကြီးဒေါင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ရွှေပြည်ကျေးရွာ

အခြေခံပညာအထက်တန်းကျောင်းတို့တွင် (၂၀၀ x ၃၀ x ၂၅)ပေ နှစ်ထပ် RC ကျောင်းဆောင်သစ် တစ်ဆောင်စီကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ် ပြန်လည်တင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းမှာ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းဆောင် ဆောက်လုပ်ခြင်းများ၊ ဝန်ထမ်းအိမ်ရာနှင့် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ဖို့လို့ အတွက် အခြေခံပညာကျောင်းပေါင်း(၁၇)ကျောင်းအတွက် ငွေကျပ်(၁၈၈၁.၃)သန်း ခွဲဝေဆောင်ရွက်လျက် ရှိပါတယ်။

ကျောက်တော်မြို့နယ် ဝဲကြီးဒေါင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ လက်ရှိ ကျောင်းဆောင်အဆောက်အအုံများကတော့ (၁၈၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် စာသင်ဆောင်(၁)ဆောင်၊ (၁၈၀ x ၃၀)ပေ RC တစ်ထပ်ဆောင် (၁)ဆောင်၊ (၃၀ x ၃၀)ပေ သွပ်မိုး၊ သွပ်ကာ ယာယီတစ်ထပ်ဆောင်(၁)ဆောင်၊ (၃၀ x ၃၀)ပေ သွပ်မိုး၊ ထရံကာ ယာယီတစ်ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်း(၄)ဆောင်ရှိပြီးတော့ ကျောင်းသား၊ ကျောင်းသူဦးရေကတော့ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၁၆၀)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၄၉၆)ဦး၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၁၇၈)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ (၈၃၄)ဦး ပညာသင်ယူလျက် ရှိကြပါတယ်။

ကျောင်းဆောင်တွေကတော့ ကျွန်တော်တို့ ဒါ ဝဲကြီးဒေါင့်ကျေးရွာမှာရှိတဲ့၊ အထက်တန်း ကျောင်းမှာရှိတဲ့ ကျောင်းဆောင်များ ဖြစ်ပါတယ်။ ဒါကတော့ ခုနတုန်းက (၁၈၀ x ၃၀)ပေ အုတ်ညှပ် တစ်ထပ်ဆောင် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ (၁၈၀ x ၃၀)ပေ အုတ်ညှပ် တစ်ထပ် စာသင်ဆောင်ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ RC (၁၈၀ x ၃၀)ပေ စာသင်ဆောင် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ယာယီသွပ်မိုး၊ သွပ်ကာ စာသင်ဆောင် ဖြစ်ပါတယ်။ ဒါကတော့ ယာယီသွပ်မိုး၊ ထရံကာ ယာယီစာသင်ဆောင်ဖြစ်ပါတယ်။ ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာတော့ (၁၈၀ x ၂၄)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်(၁)ဆောင်၊ (၁၈၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် စာသင်ဆောင်(၁)ဆောင်နဲ့ (၆၀ x ၃၀)ပေ သွပ်မိုး၊ သွပ်ကာ တစ်ထပ် ယာယီဆောင် (၁)ဆောင်၊ စုစုပေါင်းကျောင်းဆောင်(၃)ဆောင်ရှိပြီးတော့ ကျောင်းသား၊ ကျောင်းသူဦးရေကတော့ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ(၃၀၅)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၆၁၀)ဦး၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၃၈၁)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၁၂၉၆)ဦး ပညာသင်ယူလျက်ရှိပါတယ်။

ဒါကတော့ အထက်တန်းကျောင်းရဲ့ ဓာတ်ပုံတွေ ဖြစ်ပါတယ်။ နှစ်ထပ် စာသင်ဆောင် ဖြစ်ပါ တယ်။ သိပ်ပြီးတော့ ကျွန်တော်တို့ မကောင်းပါဘူး။ ဒါကတော့ အုတ်ညှပ် တစ်ထပ် စာသင်ဆောင် ဖြစ်ပါတယ်။ နောက်တစ်ဆောင်ကတော့ ဒီဟာ (၁၈၀ x ၃၀) ပေ အုတ်ညှပ် တစ်ထပ် စာသင်ဆောင်ရဲ့ နောက်ကျောပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ယာယီ (၆၀ x ၃၀) ပေ သွပ်မိုး၊ သွပ်ကာ တစ်ထပ်စာသင်ဆောင် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဆောင်ရွက်ပေးနိုင်မှုအခြေအနေနဲ့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဝဲကြီးဒေါင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ရွှေပြည် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့မှာ (၁၈၀ x ၃၀)ပေ RC တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်စီတော့ ကျွန်တော်တို့ ဒါ အသစ်ဆောက်လုပ်ပေးဖို့အတွက် လိုအပ်တဲ့ရန်ပုံငွေကို ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေမှာ လျာထားပြီးတော့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ တည်ဆောက်ရေးအတွက် လိုအပ်တဲ့စာသင်ဆောင်တွေကိုလည်း ကျောင်းသား၊ ကျောင်းသူဦးရေနဲ့ လိုအပ်တဲ့ စာသင်ဆောင်အရ ဆောင်ရွက်ပေးရတာဖြစ်တဲ့အတွက် ကြောင့်မို့လို့ လိုအပ်တဲ့အခြေအနေအရ စိစစ်ဆောင်ရွက်ပေးဖို့လို့အတွက် စီစဉ်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မေးမြန်းတဲ့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် (၁၄၀ x ၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြန်လည်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်အတွင်း ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင် ဆောက်လုပ်ခြင်းများ ဆောက်လုပ် ဖို့အတွက် အခြေခံပညာကျောင်းပေါင်း(၉)ကျောင်းအတွက် ငွေကျပ်(၄၀၆.၃၅)သန်းဖြင့် စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။ မြို့သစ်မြို့၊ ကွက်သစ်ရပ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှာ ယခု လက်ရှိ စာသင်ဆောင်တွေကတော့ (၁၅၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်စာသင်ဆောင် (၁)ဆောင်၊ (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်စာသင်ဆောင်(၁)ဆောင်၊ (၁၄၀ x ၃၀)ပေ RC နှစ်ထပ်စာသင်ဆောင်(၁)ဆောင်၊ (၁၀၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် စာသင်ဆောင် (၁)ဆောင်၊ (၇၂ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်စာသင်ဆောင်နဲ့ (၃၀ x ၃၀)ပေ သွပ်မိုး၊ ထရံကာ ယာယီတစ်ထပ်ဆောင်(၁)ဆောင်၊ စုစုပေါင်း(၆)ဆောင်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကျောင်းသား၊ ကျောင်းသူဦးရေကတော့ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၂၅၆)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၃၆၇)ဦး၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၃၃၂)ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ(၉၅၅)ဦး ပညာသင်ယူလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကတော့ ကွက်သစ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရဲ့ ဓာတ်ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ တစ်ထပ်စာသင်ဆောင် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ (၁၂၀ x ၃၀)ပေ အုတ်ညှပ် တစ်ထပ်စာသင်ဆောင်ဖြစ်ပါတယ်။ (၁၄၀ x ၃၀) ပေ RC နှစ်ထပ်ကျောင်းဆောင်ကြီး ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ (၁၀၀ x ၃၀)ပေ အုတ်ညှပ်တစ်ထပ် စာသင်ဆောင် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ (၇၂ x ၃၀)ပေ အုတ်ညှပ် တစ်ထပ်စာသင်ဆောင် ဖြစ်ပါတယ်။ နောက်တစ်ခု ကတော့ (၃၀ x ၃၀)ပေ သွပ်မိုး၊ ထရံကာ ယာယီကျောင်းဆောင် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး BE ရန်ပုံငွေ လျာထားချက်စာရင်းများ ဆောင်ရွက်ရာမှာ အသစ်တည်ဆောက်ရန်

လိုအပ်တဲ့ အခြေခံပညာကျောင်းများ၊ ရုံးများကို အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေ အရ တိုးချဲ့ရန် လိုအပ်တဲ့ကျောင်းဆောင်များ၊ သိပ္ပံဆောင်များ၊ စာကြည့်တိုက်များ၊ ဝန်ထမ်းအိမ်ရာများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန် လိုအပ်တဲ့ကျောင်းများ စသဖြင့် ခွဲခြားပြီး တော့မှ မြို့နယ်အလိုက် ဦးစားပေးအဆင့်များသတ်မှတ်ကာ ပြုစုဆောင်ရွက်ခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ ဆောင်ရွက်ပေးနိုင်မှုကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှာ လောလောဆယ် စာသင်ဆောင်နဲ့ ကျောင်းသား ဦးရေအရ ကျွန်တော်တို့ ဒါ လောလောဆယ် ဦးစားပေးဆောင်ရွက်ရမယ့် စာရင်းထဲမှာ မပါ ပါဘူး။

သို့သော်လည်းပဲ အဲဒီကျောင်းမှာ လိုအပ်နေတဲ့ သိပ္ပံဆောင်တို့၊ စာကြည့်တိုက်တို့နဲ့ လိုအပ်ရင်လည်း စာသင်ခန်းအဖြစ် အသုံးပြုနိုင်ဖို့အတွက် (၆၀ x ၃၀)ပေ တစ်ထပ်စာသင်ဆောင် ဆောက်လုပ်ပေးဖို့လို့အတွက်ကိုတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး BE ရန်ပုံငွေ လျာထားချက်စာရင်းမှာ မြို့နယ်ဦးစားပေး အစီအစဉ်အရ ထည့်သွင်းလျာထားပေးပြီး ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မေးမြန်းတဲ့ ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်တွင် ကျေးလက်ဒေသပညာသင်ကြားရေး အခန်းကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမှုအပေါ် ပြန်လည်တင်ပြ သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုအရ အဆင့်တိုးမြှင့်ပေးခဲ့သော အခြေခံပညာ ကျောင်း စုစုပေါင်း(၄၁၂)ကျောင်း၊ သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှု မရှိသော်လည်း ပင်မ ကျောင်းနှင့် သတ်မှတ်ခရီးအကွာအဝေးထက် ပိုမိုကွာဝေးသဖြင့် သင်ယူမှုအခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ပြီးတော့ အဆင့်တိုးမြှင့်ပေးခဲ့သော အခြေခံပညာကျောင်းပေါင်း(၄၆၈၇)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၅၀၉၉)ကျောင်းကို သက်ဆိုင်ရာ ကျောင်းအဆင့် အသီးသီးသို့ အဆင့် တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို အဆင့်တိုးမြှင့်ပေးခဲ့တဲ့အခါမှာ ဟိုပန်ခရိုင်မှ ကျွန်တော်တို့ ဒါ ပါဝင်ခဲ့ခြင်း မရှိတာကို စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ဟိုပန်ခရိုင်မှာ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၅၅)ဦးမှ (၁၀၀)ဦးအထိရှိခြင်း သို့မဟုတ် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၂)မိုင်အထက် ကွာဝေးခြင်း၊ ကျောင်းသားဦးရေ ပြည့်မီခြင်း သို့မဟုတ် လမ်းပန်းဆက်သွယ်ရေး ခက်ခဲရင်တော့ တစ်ဆင့်မြင့်ကျောင်းနဲ့ (၂)မိုင်၊ သွားလာရလွယ်ကူတဲ့ မြေပြန့် ဒေသဖြစ်ရင်တော့ ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၃)မိုင်အထက် ကွာဝေးခြင်းဆိုပြီးတော့ ကျွန်တော်တို့ ဒါ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွေကို မူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့် တိုးမြှင့်ပေးဖို့လို့အတွက် သတ်မှတ်တဲ့ “မူ” ဖြစ်ပါတယ်။ နောက် မူလတန်းကျောင်း(ခွဲ)ကနေပြီးတော့မှ မူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးတဲ့ “မူ”ကတော့ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူဦးရေ(၁၀၀)ဦး သို့မဟုတ် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသ ဖြစ်ပါက ပင်မကျောင်း

နှင့် (၂)မိုင် ကွာဝေးခြင်း၊ မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်းနှင့် (၃)မိုင် အထက်ကွာဝေးခြင်း ဆိုပြီးတော့ ကျွန်တော်တို့ ကျောင်းသားဦးရေ သို့မဟုတ် ခရီးအကွာအဝေးနဲ့ သတ်မှတ်ထားပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ "ဂ" ဒေသမှာ ကျွန်တော်တို့ ပြန်ပြီးကြည့်လိုက်မယ် ဆိုလို့ရှိရင် မုန်းဟွမ်(ဂ)ကျေးရွာ မူလတန်းကျောင်း(ခွဲ)ရှိပါတယ်။ ဒါကတော့ မူလတန်းကျောင်း(ခွဲ)ရဲ့ ကျောင်းအဆောက်အအုံတွေ ဖြစ်ပါတယ်။ မုန်းဟွမ်(ဂ)ကျေးရွာ အ.မ.က(ခွဲ)မှာတော့ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၅၀)ဦးရှိပြီးတော့ မူလတန်းပြ ဆရာ၊ ဆရာမ(၂)ဦး ရှိတာကို ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ မုန်းကွန်(ရှမ်း)ကျေးရွာ အ.မ.က(ခွဲ)မှာတော့ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၃၆)ဦး ရှိပါတယ်။ သို့သော် ဆရာ၊ ဆရာမ(၁)ဦး၊ အထွေထွေလုပ်သား(၂)ဦးတို့နဲ့ သင်ကြား၊ သင်ယူမှုတွေ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ မုန်းဟွမ် မူလတန်းကျောင်း(ခွဲ) မှာဆိုရင် ပင်မကျောင်းဖြစ်တဲ့ ပန်ကောက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် (၂)မိုင်ကျော်ခန့်၊ မုန်းကွန် အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဟာ ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူ(၃၆)ဦးရှိ သော်လည်း ပင်မကျောင်းဖြစ်တဲ့ မုန်းကွန် အခြေခံပညာမူလတန်းကျောင်းနဲ့ (၂)မိုင်ကျော်ခန့် အသီးသီး ကွာဝေးတာကို တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ အဲဒီ ကျောင်း(၂)ကျောင်းကတော့ ကျွန်တော်တို့ သတ်မှတ်ချက်နဲ့ ကိုက်ညီ တာကို တွေ့ရှိရပါတယ်။ ဟင်းနားကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကတော့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အထဲမှာတော့ ပညာသင်ယူနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအဖြစ်ပဲ ဖွင့်လှစ်ထားခြင်း၊ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ အခြေခံပညာဦးစီးဌာန ကျောင်းစာရင်းမှာ ကျောင်းအဖြစ် ဖွင့်လှစ်ထားခြင်း မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီ မူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်လိုတယ် ဆိုလို့ရှိရင်တော့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို ပညာရေးဝန်ကြီးဌာန အမည်ပေါက်အနေနဲ့ နိုင်ငံတော်ပိုင်အဖြစ်နဲ့ ဖွင့်လှစ်ထားရှိဖို့လို့အတွက်ကို ဦးစွာ ကျွန်တော်တို့ သတ်မှတ်ဆောင်ရွက်ဖို့လို့ အတွက် လိုပါတယ်။ ဒီလို သတ်မှတ်ဆောင်ရွက်ပြီးမှသာ ကျွန်တော်တို့ ခုနတုန်းက မုန်းဟွမ် အခြေခံ ပညာမူလတန်းကျောင်း(ခွဲ)နဲ့ မုန်းကွန် အခြေခံပညာမူလတန်းကျောင်း(ခွဲ) တွေကို သတ်မှတ် "မူ" နဲ့ ကိုက်ညီတဲ့အတွက်ကြောင့်မို့ ကျောင်းအဆင့် သတ်မှတ်တိုးမြှင့်ပေးဖို့အတွက်ကို ကျွန်တော်တို့ ဆက်လက် ပြီးတော့ စိစစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဟင်းနားကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကိုတော့ ကျောင်းအဆင့် တိုးမြှင့် ပေးဖို့လို့အတွက်ကို ပထမဆုံး ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကနေပြီးတော့မှ မူလတန်းကျောင်း (ခွဲ)အဖြစ် လျှောက်ထားပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက် ပြီးတော့မှသာ လိုအပ်နေတဲ့ ကျောင်းဆောင်တွေကို ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မုန်းဟွမ် အခြေခံပညာမူလတန်းကျောင်း(ခွဲ)နဲ့ မုန်းကွန် အခြေခံပညာ မူလတန်းကျောင်း(ခွဲ)အတွက်ကိုတော့ ကျောင်းဆောင်သစ်တွေ ဆောက်လုပ်ပေးနိုင်ဖို့လို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မြို့နယ်ဦးစားပေး အစီအစဉ်အရ ကျွန်တော်တို့ ဒါ ဆောင်ရွက်ပေး သွားမှာ ဖြစ်ပါတယ်။ ဟင်းနားကျေးရွာ မူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖို့လို့အတွက်နဲ့

ကျောင်းဆောင်ရရှိဖို့လို့အတွက်ကိုတော့ ပညာရေးဝန်ကြီးဌာနရဲ့ အမည်ပေါက် နိုင်ငံတော်ပိုင်အဖြစ် အသိအမှတ်ပြုကျောင်း ဖွင့်လှစ်ထားရှိခြင်း မရှိသေးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ သတ်မှတ် အသိအမှတ်ပြုကျောင်းအဖြစ်နဲ့ သတ်မှတ်ဆောင်ရွက်ဖို့အတွက် လိုပါတယ်။ အဲဒီလို ဆောင်ရွက်ပြီးမှသာ လိုအပ်တဲ့ကျောင်းဆောင်ကို ကျွန်တော်တို့ ဆောက်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

နောက် မေးခွန်းတစ်ခုကတော့ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မေးမြန်းတဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များတွင် (၄၀၀x၂၅၀)ပေ ကျောင်းအားကစားကွင်း၊ ဘောလုံးကွင်းများ လာမည့် ဘဏ္ဍာရေးနှစ်များတွင် တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမှုအပေါ် ပြန်လည် တင်ပြသွားမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ယူ ဆည်းပူးကြမည့် ကျောင်းသား၊ ကျောင်းသူ ကလေးများအတွက်၊ ကျန်းမာပျော်ရွှင်စွာ ကစားနိုင်ရန်အတွက် မူလကပင် ကျောင်းအားကစားကွင်း များကို လျာထားဖွဲ့စည်းထားရှိပေးခဲ့ပါတယ်။ တချို့သော အခြေခံပညာကျောင်းများတွင် ကျောင်း တည်ရှိရာ အခြေခံပညာကျောင်းအဆင့်အလိုက် မြေနေရာအကျယ်အဝန်း၊ မြေဧရိယာပေးနိုင်မှုအတွက် သတ်မှတ်မှုများ နည်းပါးခြင်း၊ တိုးတက်များပြားလာသော ကျောင်းသားဦးရေအရ ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ပေးရခြင်း၊ ကျောင်းအဆောက်အအုံသာရှိပြီး မြေလွတ်၊ မြေပို၊ မြေကွက်လပ် မရှိခြင်းတို့ကြောင့် ကလေးများအား အားကစားကွင်းသီးသန့် ဖန်တီးပေးနိုင်ရန်အတွက် များစွာ အခက်အခဲရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း များတွင် လိုအပ်လျက်ရှိတဲ့ ကျောင်းဆောင်အဆောက်အအုံများကို ရန်ပုံငွေ ဦးစားပေးချထား ဆောင်ရွက်ပေးနေရတဲ့အတွက် မတူပီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)များအတွက် မြေနေရာအရ သီးခြား ကျောင်းအားကစားကွင်း၊ ဘောလုံး ကွင်းတွေကို ခွင့်ပြုဘဏ္ဍာရေးရန်ပုံငွေ အခြေအနေအရသာ ထည့်သွင်းလျာထား ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားမှုအရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်၊ မတူပီမြို့နယ်၌ ဘောလုံးကွင်း ဖော်ထုတ်နိုင်ရန် အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အတွက် ခွင့်ပြုရန်ပုံငွေမှ လုံငိုးကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)အတွက် ငွေကျပ် (၁၇)သန်း၊ ရှာတလိုင်း အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အတွက် ငွေကျပ် (၃၃)သန်းတို့ဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး မတူပီမြို့နယ်အတွင်း အခြားကျန်ရှိတဲ့ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအလယ်တန်းကျောင်းများ အတွက် ကျောင်းအားကစားကွင်း၊ ဘောလုံးကွင်းများ ဖော်ထုတ်နိုင်ရေးနှင့်ပတ်သက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရန်ပုံငွေစိစစ်လျှော့ချမှုအရ ဆောင်ရွက် ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်ကြားလာမှုအပေါ် ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒါကတော့ လုံငိုး အခြေခံပညာအထက်တန်းကျောင်း ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းရဲ့ မြေပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ Google Map က ကျောင်းရဲ့ တည်နေရာပြတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ လုံငိုး အခြေခံပညာအထက်တန်းကျောင်းမှာ ဘောလုံးကွင်းမြေနေရာ ဖြစ်ပါတယ်။ ဒါကတော့ ဘောလုံးကွင်းမြေနေရာ ဖြစ်ပါတယ်။

ဒါကတော့ ရှာတလိုင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ကျောင်းရဲ့ Master Plan ဖြစ်ပါတယ်။ ဒါကတော့ Google Map ရဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ယခုဘဏ္ဍာရေးနှစ်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဘောလုံးကွင်း တည်ဆောက်ပေးဖို့လို့အတွက်ဆိုတဲ့အတိုင်းပဲ အားကစားကွင်း ဒါကို ကျွန်တော်တို့ ဒါ ဘူဒိုဇာနဲ့ မြေညှိဆောင်ရွက်နေတဲ့ ဓာတ်ပုံသည် စနေ၊ တနင်္ဂနွေက ရရှိတဲ့ ဓာတ်ပုံဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ဒါကတော့ ဘောလုံးကွင်းမြေနေရာ ပြုပြင်နေတဲ့ပုံဖြစ်ပါတယ်။ ဒါလည်းပဲ ဘောလုံးကွင်း မြေနေရာ ပြုပြင်နေတဲ့ပုံဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ ရှာတလိုင်း ဘောလုံးကွင်း မြေနေရာကို ပြုပြင်နေတဲ့ပုံဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကတော့ ကျွန်တော်တို့ အားကစားကွင်း (၂)ကွင်းကိုတော့ ယခုဘဏ္ဍာရေးနှစ်မှာ တည်ဆောက်နေပါကြောင်းနှင့် နောက်ကျန်တဲ့ ဘဏ္ဍာရေးနှစ် တွေမှာလည်းပဲ ခွင့်ပြုရန်ပုံငွေအရ ကျွန်တော်တို့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ်နေရာ အတွက် ရွေးကောက်ပွဲပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ်နေရာ အတွက် ရွေးကောက်ပွဲ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) က ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဘိုးမင်း ဟာ ၁၇-၆-၂၀၁၇ ရက်နေ့မှာ ကွယ်လွန်သွားခဲ့ပါတယ်။ အခုဆိုရင် (၇)လ ကြာခဲ့ပြီဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ်ရဲ့ မဲဆန္ဒနယ်အခြေအနေကို ရှင်းပြလိုပါတယ်။ ရသေ့တောင်

မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) နှင့် (၂)ဟာ မတူပါဘူး။ ရသေ့တောင်မြို့နယ်ရဲ့ မဲဆန္ဒနယ်အမှတ်(၁)ဟာ ဘူးသီးတောင်၊ မောင်တောနှင့် နီးကပ်ပြီးတော့ တစ်ဆက်တစ်စပ်တည်း ရှိပါတယ်။ လုံခြုံမှုလည်း တချို့နေရာတွေမှာ မရှိလို့ ပြောလို့ရပါတယ်။

အခု အဆိုသွင်းထားတဲ့ ဒီ မဲဆန္ဒနယ်(၂) ဆိုတာက ဘူးသီးတောင်၊ မောင်တောမြို့နယ်နှင့် မေယုမြစ်ကြီးတစ်စင်း ခြားနားတဲ့အတွက် သီးခြားတည်ရှိနေတဲ့ လုံခြုံတဲ့မဲဆန္ဒနယ် ဖြစ်ပါတယ်။ မဲဆန္ဒနယ်အမှတ်(၁)ဟာ ဘူးသီးတောင်၊ မောင်တောနှင့်နီးပေမယ့် မဲဆန္ဒနယ်အမှတ်(၂)ဟာ ကျွန်တော်တို့ စစ်တွေမြို့နဲ့ ပိုပြီးတော့ နီးပါတယ်။ မဲဆန္ဒနယ်(၂)ထဲမှာ ဘင်္ဂါလီကျေးရွာ (၂)ရွာပဲ ရှိပါတယ်။ ဒီ ပြည်ထောင်စုဝန်ကြီးတွေ၊ ပြည်နယ်ဝန်ကြီးတွေနဲ့ နိုင်ငံတကာသံတမန်တွေဟာ အဲဒီရွာတွေကို မကြာခဏ အချိန်မရွေး သွားလာလို့ရပါတယ်။ ၁-၄-၂၀၁၇ ရက်နေ့မှာ လုပ်ခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ရှမ်းပြည်နယ် တချို့ဒေသတွေထက် ဒီ မဲဆန္ဒနယ်(၂)ဟာ ပိုပြီးတော့ ငြိမ်းချမ်းတည်ငြိမ်မှုရှိပါတယ်။

၂၀၁၆ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယပြင်ဆင်တဲ့ ဥပဒေပုဒ်မ ၈၉ မှာ လစ်လပ်နေတဲ့နေရာမှာ (၆)လအတွင်း ရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည် ဆိုပြီးတော့ အတိအကျ ပြဋ္ဌာန်းထားပါတယ်။ အခုကတော့ (၇)လရှိပါပြီ။ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းဖို့ဆိုရင် ၂၀၁၀ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၅၀)မှာ ပါ ပါတယ်။ ပုဒ်မ (၅၀)က သဘာဝဘေးအန္တရာယ်နှင့် လုံခြုံရေး အခြေအနေမရှိမှ ရွှေ့ဆိုင်းလို့ရတာဖြစ်ပါတယ်။ အခု ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှာ ဒီလိုအခြေအနေမျိုးတွေ မရှိပါဘူး။

ဒီမိုကရေစီ ပြောင်းလဲစပြုနေတဲ့ မြန်မာနိုင်ငံမှာ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၅၊ ၂၀၁၇ ခုနှစ်တွေမှာ ရွေးကောက်ပွဲ (၄)ကြိမ် ပြုလုပ်ခဲ့ပြီဖြစ်လို့ ကော်မရှင်နဲ့ပြည်သူလူထုဟာ ရွေးကောက်ပွဲအတွေ့အကြုံနဲ့ ရင်းနှီးပြီးသားဖြစ်ပါတယ်။ စာရင်းအင်းတွေနှင့် မဲစာရင်းတွေကလည်း အဆင်သင့်ရှိနေပြီး ဖြစ်တာကြောင့် ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ကို ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပဖို့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၉။**

**ဦးအောင်မြင့် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကော်မရှင်ကိုယ်စား ပြန်လည်ဖြေကြားပေးပါမယ်။ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃) လွှတ်တော်

ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့မေးခွန်းမှာ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နေရာအတွက် ရွေးကောက်ပွဲ ကျင်းပပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တွေမှာ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားတဲ့ မဲဆန္ဒနယ်တွေရှိလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်နေရာတွေကို သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြားဖြတ်ရွေးကောက်ပွဲများဖြင့် ကျင်းပပြီးတော့ အစားထိုးရွေးချယ်ဖို့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင် မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အပါအဝင် လစ်လပ်နေတဲ့ မဲဆန္ဒနယ်များမှာ ပြည်သူ့ လွှတ်တော်မှာ(၂)နေရာ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များမှာ(၆)နေရာ၊ စုစုပေါင်း (၈)နေရာရှိပြီး အဆိုပါလစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၈ ခုနှစ် အတွင်း ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူ လျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ တောင်တွင်းကြီးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီဝင်ဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်**
**ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/၂၀၁၇ - ၆၀၉

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

၁။ ပြည်သူ့လွှတ်တော်က ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြင်ဆင်ချက်များနဲ့ ၆-၁၁-၂၀၁၇ ရက်နေ့မှာ သဘောတူ အတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်ကို ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ဒီ ဥပဒေကြမ်းနှင့်

စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၁၄-၁၁-၂၀၁၇ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) ပြောင်းလဲကျင့်သုံးလျက်ရှိတဲ့ ပညာရေးစနစ်သစ်နှင့် ကိုက်ညီမှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသောစကားရပ်များအစား မူလတန်းကြိုကျောင်းဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေး သူငယ်များနှင့် အသက်ခြောက်နှစ် ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်း မပြုသေးသောသူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်လေ့ကျင့်ပေးသော ဌာန၊ ကျောင်း သို့မဟုတ် လုပ်ငန်းကိုဆိုသည်ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)တွင် ဖော်ပြထားသော စကားရပ်များအစား မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေး သင်ရိုးညွှန်းတမ်း ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားမှု၊ ခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်ရာတွင် လိုက်နာ ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သော သင်ရိုးညွှန်းတမ်းကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) မြန်မာစာအရေးအသား ဆီလျော်မှုရှိစေရန် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၄ တွင် ပါရှိတဲ့ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)တို့တွင် ဖော်ပြထားသော နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ၊ ဆိုသည့် စကားရပ်ကို နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀ တွင် ပါရှိတဲ့ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)တို့တွင် ဖော်ပြထားသော ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ ဆိုသည့်စကားရပ်ကို ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ်

အိမ်အခြေပြုလုပ်ငန်းကို ဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၉ တွင် ပါရှိတဲ့ ပုဒ်မ ၃၃-က ခြေဆင်းနှင့် အပိုဒ် ၂၁ မှာ ပါရှိတဲ့ ပုဒ်မ ၃၄-က ခြေဆင်းတို့မှာ ဖော်ပြထားတဲ့ မည်သူမဆို အောက်ပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကိုဆိုသည့် စကားရပ်ကို မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံစာ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင် ချက် အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၁-၂၀၁၈ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၀း၅၉ နာရီအချိန်တွင် ရပ်နားပါသည်။]